
# မင်းဒင်

# ချစ်လွန်းသူသို့ သရော်စာများ



# ကျွန်ုပ်နှင့် ဖူးခက်မြို့လုံးကျွတ် ပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲကြီး




## (တစ်)

"ဒီအတိုင်းဆိုရင်ဖြင့် ထိပ်သီးတွေ သိပ်များလွန်းနေပြီး ဆြာရဲ့၊ တော်ရုံခန်းမနဲ့တော့ ဆံ့မယ်မထင်ဘူးနော်"

"မပူပါနဲ့မောင်၊ ဘောလုံးကွင်း ခပ်ကြီးကြီးဆိုရင်တော့ အဆင်ပြေလောက်ပါတယ်လေ"

"တစ်ယောက်ကို အနည်းဆုံး တစ်မိနစ်တော့ စကားပြောခွင့်ပေးမှ ဖြစ်မယ် ဆြာ"

"ဟကောင်၊ တက်ရောက်မယ့် ထိပ်သီးဦးရေက ငါးထောင်ဝန်းကျင်ဆိုတော့၊ နင့် အစီအစဉ်အတိုင်းဆိုရင် လနဲ့ချီပြီး ကျင်းပရမလို

ဖြစ်နေပြီ"

"ဒါဆိုလည်း တစ်ယောက် စက္ကန့်သုံးဆယ် ထားလိုက်ရင်ကော ဆြာ"

"နေဦး၊ စက္ကန့်ခြောက်ဆယ် တစ်မိနစ်၊ မိနစ်ခြောက်ဆယ် တစ်နာရီ ဆိုတော့၊ တစ်မိနစ်နှစ်ယောက်၊ တစ်နာရီ အယောက်တစ်ရာ့နှစ်ဆယ်၊ ဒါလည်း ဟန်မကျသေးဘူး မောင်"

"ဆယ့်ငါးစက္ကန့် ထက်တော့ ပိုလိုမဖြစ်ဘူး ထင်ပါရဲ့ဆြာ"

"ဒါတောင် နှစ်ဆယ့်လေးနာရီ မထစတမ်း ထိုင်နိုင်ကြမှ ဖြစ်မှာ၊ ဟုတ်သေးဘူး မောင်ရ"

"စင်ပေါ်မှာ တန်းစီပြီး ရယ်ပြခိုင်း၊ ချက်ချင်းဆင်းသွားခိုင်းလိုက်ရင်တာ အေးပါတယ် ဆြာ"

"စင်ပေါ်တက်ခိုင်းပြီးမှ ဘာတစ်ခွန်းမှ မပြောရဘဲ ပြန်ဆင်းခိုင်းရင်တော့ ကျေနပ်ကြပ့်မလားကွာ"

ဤသို့လျှင် ကျွန်ုပ်၊ ဖေကြည်၊ လေမင်းသားနှင့် ကပ္ပလီတည်းဟူသော ဆြာတပည့်တစ်သိုက် ခေါင်းချင်းဆိုင်၍ မီးတောက်မတတ် ခေါင်းခြောက်နေကြရခြင်း၏ အကြောင်းရင်းနောက်ခံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

*

## (နှစ်)

အကယ်၍ သင်သည် ကျွန်ုပ်တို့၏ ဇာတိနိုင်ငံနှင့် အလှမ်းမဝေးလှသော ယိုးဒယားပြည် တောင်ပိုင်း ဖူးခက်အမည်ရှိ ကျွန်းမြို့နယ်သို့ အလည်အပတ် ဖြစ်စေ၊

အခြားတစ်စုံတစ်ရာသော အကြောင်းကိစ္စကြောင့် ဖြစ်စေ၊ ရောက်ရှိခဲ့ပါမူ ထိုကျွန်းမှ မြန်မာသူကြီးမင်း၏ အိမ်ရာရာသို့ လမ်းညွှန်ပါရန်၊ လမ်း၌ တွေ့သူ တစ်စုံတစ်ယောက်အား မေးမြန်းစုံစမ်းခဲ့သည် ရှိငြားအံ့။ ထိုသူသည် ကျွန်ုပ်နေထိုင်ရာ အိမ်ဂေဟာသို့ ဒက်ခနဲ ဒုတ်ဒတ်ုထိ အပ်ချမတ်ချ ညွှန်ပြပေလိမ့်မည်။ ဤသည်ပင် ကျွန်ုပ်သည် ဖူးခက်မှ မြန်မာရွှေ့ပြောင်း လုပ်သားတို့၏ ထိပ်သီး၊ သူကြီးစစ်စစ်ဖြစ်ကြောင်း ခိုင်လုံသည့်သက်သေသာဓက ဖြစ်ချေမည်။

စင်စစ်ကျွန်ုပ်သည် အဆိုပါ သူကြီးရာထူးကို အော်တိုမစ်တစ်နည်းဖြင့် အလိုအလျောက် ရရှိခဲ့သည်ဟု ဆိုနိုင်သည်။ ထိုသို့ဖြစ်ရန် အရေးပါလှသည့်အချက်မှာ ကျွန်ုပ်ကဲ့သို့ ပင်ကိုယ်စိတ်ရင်းကောင်းသူ၊ စေတနာကြီးသူ၊ ရုပ်ရည်လက္ခဏာအားဖြင့် တင့်တယ်ခန့်ညားသူတစ်ဦးအနေနှင့် အဆိုပါသူကြီးရာထူးအတွက် အများသဘောတူခြင်း မတူခြင်းသည် ရေးကြီးခွင်ကျယ် သဘောထားရန် ကိစ္စတစ်ရပ် မဟုတ်သောကြောင့် ဖြစ်နိုင်လေ၏။ ထို့ပြင် ဖူးခက်ရောက်မြန်မာတို့သည် နေ့စာ ညစာ အလျဉ်မီရေးအတွက် ထိုင်းအလုပ်ရှင်တို့ စေခိုင်းသမျှ နေ့ရောညပါ ဇောက်ချလုပ်ကိုင်နေရသဖြင့် ခန္တီတည်းဟူသော သည်းခံခြင်းတရား လွန်စွာလက်ကိုင်ထားကြလျက် ဘာသိဘာသာ ရေလိုက်ငါးလိုက် နေတတ်ကြခြင်းသည်လည်း ကျွန်ုပ်ဖူးခက်သူကြီး ဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်နိုင်ချေသေးသည်။

ထို့အတူ ဖူးခက်မြို့ကြီးတွင် ထိုင်းပုလိပ်၊ ထိုင်းကလေး၊ ထိုင်းခွေးပါမကျန် မြင်မြင်သမျှ ကြောက်လန့်နေရသော မြန်မာတို့အဖို့ သူကြီးရာထူးအတွက် ပွင့်လင်းမြင်သာ ရေရာသေချာသော ရွေးကောက်တင်မြှောက်မှု တစ်စုံတစ်ရာ လိုအပ်သည်ဟု၊ မည်သူတစ်ဦးတစ်ယောက်ကမျှ စကားမဟ မဆိုရဲကြပေ။ ထိုနည်းတူ ဖူးခက်မြို့တွင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ၊ ထိုင်းပုလိပ်တို့၏ အားကိုးဖြင့် လူတွင်ကျယ် လုပ်နိုင်ခဲ့သူ

ကျွန်ုပ်၏ အရှိန်အဝါသြဇာကို ကြောက်ရွံ့ကြသည်လည်း ဖြစ်နိုင်ပြန်၏ ။

ထိုထိုသော အကြောင်းများကြောင့် ကျွန်ုပ်၏ သူကြီးရာထူးနှင့်စပ်လျဉ်း၍ တရားမျှတ ထိုက်တန်ခြင်းရှိမရှိ အခြေအတင် ဆွေးနွေးရန် အကြောင်းတစ်စုံတစ်ရာ မပေါ်ပေါက်လေရာ အများသဘောတူပြီး ဖြစ်သည်ဟု ယူဆရန် အကြောင်းလုံလောက်ပြီဟုသာ ယူဆရန် ရှိပေတော့သည်။

*

## (သုံး)

ဤသို့လျှင် ထိုင်းပုလိပ်၊ ထိုင်းသူဌေးတို့နှင့် ပလဲနံပ သင့်ရုံမျှမက လက်ပါးစေအဖြစ် မြန်မာလူလည် တချို့ကိုပါ စည်းရုံးထားနိုင်သည့် ကျွန်ုပ်သည် ဖူးခက်ရောက်မြန်မာတို့အပေါ် သြဇာညောင်းလာခဲ့သည်မှာ ငါးနှစ်ဝန်းကျင်မျှပင် ပြည့်ပေတော့မည်။ သို့သော် ယခုရက်ပိုင်းကာလများအတွင်း ကျွန်ုပ် စိတ်နှလုံးအား ကြိမ်မီးအုံသကဲ့သို့ ညှိုးချုံစေလျက် နေမထိထိုင်မသာ ဖြစ်စေသည် သတင်းစကားတစ်ရပ် ပေါ်ထွက်လာခဲ့လေသည်။ ယင်းကား ဖူးခက်ရောက် မြန်မာတို့ရှေ့ရေးအတွက် ထိပ်သီးတွေ့ဆုံဆွေးနွေးပွဲ ကျင်းပရေးဟူသတည်း။

ကျွန်ုပ်မူကား အဆိုပါ သတင်းစကားကို ကြားရပြီး ဆိုကာမျှဖြင့် ငယ်ထိပ်မြွေပေါက် ခေါင်းကို ဆင်နင်းသည့်ပမာ ထိတ်ထိတ်ပျာပျာ အသည်းတုန်အူတုန် ဖြစ်ရချေသည်။ အဆိုပါ ထိပ်သီး ဆွေးနွေးပွဲကျင်းပရေးသည် ကျွန်ုပ်ထံ တစ်စုံတစ်ဦးမျှ ညွှန်ကြားလမ်းညွှန်လာခြင်းမူကား မဟုတ်။ ပြာလာသောကမ္ဘာကြီးတွင် ဖူးခက်ရောက်မြန်မာများအနေဖြင့် အထိုက်အလျောက် ပွင့်လင်းလာသောအသိအမြင် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တချို့၏ တွန်းအားပေးမှုများနှင့်၊ ဖူးခက်မြန်မာအရေး၊ အလုပ်သမားအရေး လှုပ်ရှားတက်ကြွသူများ၏ ဆော်သြလှုံ့ဆော်မှုများကြောင့် ဖြစ်တန်ရာ၏ ။

တရားဥပဒေစိုးမိုးမှု ကင်းမဲ့လေသည့် သေနတ်သမားတို့ ရမ်းကားလှသော ဤဖူးခက်အရပ်တွင် ကျွန်ုပ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် မပါဝင်ခဲ့သော်ငြား တိတ်တဆိတ် ရေငုံနေခဲ့ရသည့် မြန်မာအသိုင်းအဝိုင်းမှ သေမှုသေခင်း အမှုခြင်းရာတို့ များပြားလှ၏။ မြန်မာလူထု ငြိမ်ဝပ်ပိပြားရေးအလို့ငှာ ထိုင်းပုလိပ်၊ ထိုင်းမာဖီးယားတို့နှင့် ကျွန်ုပ်လက်ဝါးချင်းရိုက်ခဲ့ဖူးသော ခြေလွန်လက်လွန် ကိစ္စရပ်မြောက်များစွာ ရှိခဲ့၏။ အသို့လျှင် ကျွန်ုပ်၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့နိုင်ပါအံ့နည်း။

ထိပ်သီးတွေ့ဆုံရေးသတင်းသည် ဟိုမှသည်မှ ထွက်ပေါ်လာပြီးသည်၏ နောက်ဆုံးတွင်မူ ကျွန်ုပ်၏ လက်ရင်းတပည့်များ နှုတ်ဖျားသို့တိုင် ရောက်ရှိလာခဲ့ချေသည်။

*

## (လေး)

"မြန်မြန်ဆိုင်လိုက်ရင် ကောင်းမယ်ဆြာ၊ နှစ်ပွင့်ဖြစ်ဖြစ် သုံးပွင့်ဖြစ်ဖြစ်ပေါ့"

"အမှန်က ဘယ်ထိပ်သီးတွေမှ ဆုံစရာမလိုဘူး ခင်ဗျ၊ ဆြာနဲ့ မြန်မာလူမျိုး ထိုင်းဂျပိုး မာဖီယားတွေ စေတနာမှန်မှန်နဲ့ ပွင့်လင်းမြင်သာလိုက်ရင် ကိစ္စပြတ်နေတာပဲ ဆြာ"

"ဖူးခက်မြန်မာ အလုပ်သမားတွေဘက်က ပါချင်သပဆိုရင် သူတို့ဘက်က၊ အရာရောက်တဲ့သူတစ်ယောက် ထွက်ပေ့စေပေါ့ဆြာရယ်"

သင်းတို့ဉာဏ်တစ်ထွာ တစ်မိုက်မျှဖြင့် အရမ်းကာရော ထင်မြင်ချက် ပေးနေကြသည့် တပည့်တို့ကား ဆြာ့ရင်တွင်းမှ အပူကို

မသိနားမလည်ကြရှာလေယောင် တကား။ ကျွန်ုပ်စိတ်အတွင်းမှာမူ မြန်မြန်ဆိုင်လိုက်ရင် ငါကာလနာမြန်မြန်တိုက်တော့မပေါ့ပ၊ ငတုံးတွေရဟုသာ၊ တိတ်တခိုး ရေရွတ်မိသော်ငြား သင်းတို့အား တဲ့တိုးဖွင့်ဟပြောဆိုရန် မသင့်တော်သောကြောင့် အလိမ္မာနည်း သုံးရ၏ ။ သို့မှသာ ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော ပတ်စပို့ပွဲစား၊ ငွေလွှဲလုပ်စားသူ ခေါင်းပုံဖြတ်အမြတ်ကြီးစားတို့ ဘဝရှေ့ရေး ဖြောင့်ဖြူးသာယာပေလိမ့်မည်။ ထို့အတူ ကျွန်ုပ်၏ အားထုတ်မှုကြောင့် ဖူးခက်ရောက် မြန်မာတို့ဘဝ တိုးတက်မြင့်မားလာရလေဟန် စတိုင်ဆက်၍ ထုတ်နိုင်ပေလိမ့်မည်။

"မောင်ဆို့ ဆြာ့အနေနဲ့လည်း အမြန်ဆုံး ဖြစ်တဲ့နည်းနဲ့ ဆိုင်လိုက်ချင်ပါသောကော၊ နို့ပေသိ"

"ဘာနို့မှ လုပ်မနေပါနဲ့ ဆြာရယ်၊ အများအတွက် ကောင်းမယ့်အလုပ်ပဲ ဥစ္စာ"

"ဒီလိုပါကွယ့်၊ ငတို့ဆွေးနွေးရာမှာ ထိပ်သီးမှန်သမျှ အကုန်ပါမှ၊ သင့်တော်မလားလို့ပါ။ မတော်တဆ ကျန်များနေခဲ့ရင် သူတို့ကို စာရင်းမသွင်းသလို ဖြစ်နေမှာပေ့ါ"

"ဒါလည်း မခက်ပါဘူးဆြာ၊ လေးငါးခြောက်ပွင့်တန်သည် ဒင် ဆိုတဲ့သူတွေ ရွေးပြီး ဆိုင်လိုက်ရုံပေ့ါ"

"လူစုံတက်စုံ ဆိုတော့ ပိုများ ကောင်းမလားလို့ပါလေ"

ဤတွင် တပည့်ကျော်တို့၏ မျက်နှာသည် ရုတ်ခြည်း ပြိုင်တူ တွေခနဲ ဖြစ်သွားကြရင်း တစ်စုံတစ်ရာကို အလေးအနက် သဘောပေါက် နားလည်သွားကြဟန် ရှိ၏ ။

"သြော်... ဆြာရယ်၊ ဘာများလဲလို့၊ လက်စသတ်တော့....

"ဆြာတပည့္ခ်င္း၊ ရွင္းရွင္းေျပာလည္း ရပါတယ္ ဆြာရဲ႕။

"ေပါက္ပါၿပီ ဆြာ၊ ေကာင္းေကာင္းႀကီး ေပါက္ပါၿပီ"

ကၽြန္ုပ္ကား အေထြအထူး စကားမဆိုေတာ့ဘဲ ငါးသေလာက္ၿပဳံးသာ ၿပဳံးလ်က္ေနလိုက္၏ ။

*

## (ငါး)

ထို႔ေနာက္တြင္ကား တပည့္ေက်ာ္တို႔သည္ ဖူးခက္ေရာက္ျမန္မာတို႔၏ ေရွ႕ေရးကို ဆယ့္သုံးပြင့္ခန္႔ဆိုင္မွ ေကာင္းမည့္ေလဟန္ အသံဟစ္ၾက၏ ။ ထိုအခါ ထိပ္သီးစာရင္းတြင္ မပါဝင္သူတို႔၏ မေက်မခ်မ္းအသံတို႔ကို ၾကားရ၏ ။ ထိုအခ်ိန္တြင္ တပည့္ေက်ာ္တို႔သည္ ထိပ္သီးအပြင့္ ေလးငါးဆယ္တန္သည္ ေဆြးေႏြးရန္ အသံျပဳၾကျပန္သည္။

ေနာက္ဆုံးတြင္ကား ဖူးခက္ေရာက္ ျမန္မာမ်ားအားလုံးလိုလို ထိပ္သီးစာရင္းဝင္မ်ား ျဖစ္ၾကလ်က္ အထက္ အစကနဦးတြင္ ေဖာ္ျပခဲ့သည့္အတိုင္း ဆြာတပည့္တစ္သိုက္ ေခါင္းခ်င္းရိုက္၍ ထိပ္သီးအစည္းအေဝးပြဲႀကီး ေအာင္ျမင္စြာ က်င္းပနိုင္ေရးအတြက္ စီမံစိုင္းျပင္ၾကရျခင္း ျဖစ္ေလသတည္း။

ထိုသို႔ျဖင့္ ဖူးခက္ၿမိဳ႕လုံးကၽြတ္ အပြင့္ဆိုင္ ထိပ္သီးအစည္းအေဝးႀကီးကို စဖန္ဟင္းအရပ္ ပင္လယ္ကမ္းေျခရွိ ေရာမေဘာလုံးကြင္းႀကီးတြင္ က်င္းပရာ ဖူးခက္ၿမိဳ႕ ရိုတီလုပ္ည္းမ်ားသမဂၢ၊ တလစါပ္ေစ်းခ်ယ္ဂါလီတြန္းသူမ်ား အစည္းအရုံး၊ ထိုင္းရဲႏွင့္ ေဝစားမွ်စား သတင္းေပးၾကသူမ်ား အစည္းအရုံး၊ ကြတ္တီရိဆိုင္စားပြဲထိုးမ်ား အင္အားစု၊ နိုက္ကလပ္လုံျခဳံေရး ျမန္မာညေစာင့္မ်ားအဖြဲ႕၊ ပတ္စပို႔ ပြဲစားမ်ားေကာ္မီတီ၊ ဖူးခက္ကူလီေပါင္းစုံ

အသင်းချုပ်၊ မြန်မာသံရုံးဆိုင်ရာ ဗာဟိရပွဲစားများ ကောင်မီတီ၊ မြန်မာကာကာဆိုင်များအသင်း (ဖူးခက်)၊ ငွေလွှဲငွေပို့သူများ ညီညွတ်ရေးတပ်ပေါင်းစု၊ အာဆီယံခေါ် အပန်းဖြေ ဆေးဝါးသောက်သုံးသူများ (ယာယီ)အဖွဲ့ချုပ်၊ ညနေတိုင်းမူးသူများအဖွဲ့၊ ဟိုတယ်တံမြက်စည်းလှည်းသူများတပ်ဦး၊ ဖူးခက်ရောက် မြန်မာတိုင်းရင်းသားများပါတီ၊ ထိုင်းသူဌေး လက်ပါးစေမြန်မာများ အစည်းအရုံး၊ အဝေးရောက်ယမကာသမားများ သမဂ္ဂ၊ ထိုင်း-မြန်မာ မာဖီးယားချစ်ကြည်ရေးအဖွဲ့ အစရှိသည်တို့မှ ထိပ်သီးအင်းအား ငါးထောင်ကျော်ခန့် တခဲနက်တက်ရောက်ကြလေ၏။

အစည်းအဝေး စတင်သည်နှင့် တက်ရောက်လာသော ထိပ်သီးခေါင်းဆောင်တို့သည် စင်ပေါ်သို့ တန်းစီတက်ရောက်ကာ၊ တစ်ဦးချင်း ပြုံးပြသွားဖြဲကြလျက် ဓာတ်ပုံအရိုက်ခံကြ၏။ ကျွန်ုပ်ကား သဘာပတိကြီးအနေဖြင့် ထိပ်သီးတစ်ဦးချင်းအား၊ ပြုံးရွှင်သော မျက်နှာပေးဖြင့် လက်အံ့သေမတတ် လက်ဆွဲနှုတ်ဆက်နေရ၏။ ထိပ်သီးစာရင်းဝင် လူတန်းရှည်ကြီးမှာ ဘောလုံးကွင်း ဖုန်တစ်လုံးလုံးအကြားတွင် ရှုမျှော်မဆုံး ရှိနေ၏။

စင်ပေါ်တက် တန်းစီသွားဖြဲ ပြန်ဆင်းလုပ်နေကြသူ ထိပ်သီးဦးရေ နှစ်ရာမပြည့်မီမှာပင် မည်သည့်နေရာမှ အသင့်စောင့်ဆိုင်းနေသည် မသိရသော ထိုင်းရဲပတ္တရောင်ကားများ အရေးပေါ်အချက်ပေး ဥသြသံများ နားကွဲမတတ် ဆူညံလျက် ရောက်ရှိလာကာ ထိပ်သီးတွေ့ဆုံပွဲကြီးကို လေးဘက်လေးတန်မှ ပိတ်ဆို့ဖမ်းဆီးလေတော့သည်။

ဖူးခက် မြန်မာ့ထိပ်သီးတို့ကား၊ ထိုင်းပုလိပ် အဝိုင်းခံရသဖြင့် ဖရိုဖရဲ ခြေဦးတည့်ရာသို့ ပြေးကြရ၏။ ထိုသို့ ပြေးလွှားပုန်းရှောင်ရင်း ဟောဟဲလိုက်နေကြဆဲမှာပင် ကျွန်ုပ်နှင့် ပက်ပင်းတိုးမိသူအချို့က နောက်တစ်ကြိမ် မည်သည့်ရက်တွင် ထိပ်သီးတွေ့ဆုံပွဲ ရှိသည်ကို ကြိုတင်အကြောင်းကြားပါရန်

မေတ္တာရပ်ခံ နားပူကြပြန်လေသေး၏ ။

မည်သို့ပင် ဆိုစေကာမူ တစ်ပွင့်မှ မဆိုင်ချင်သော ကျွန်ုပ်၏ ဆန္ဒ ပြည့်ဝခဲ့လေပြီ။ အကြံပိုင် အကွက်ရွှေ့ကောင်းလှသော တပည့်ကျော်တို့၏ အချိန်ဆွဲဇယား ရှုပ်အောင်လုပ်သည့် မဟာဗျူဟာ အောင်မြင်သည်ဟု ဆိုရမည်။ သို့သော် ဆန့်ကျင်ဖက် အင်အားစုတို့ကမူ အနှစ်သာရမရှိသော ဆွေးနွေးပွဲရလဒ်ကောင်း မထွက်သော ထိပ်သီးတွေ့ဆုံမှု ဟူ၍ အမနာပ ပြောကြပေလိမ့်ဦးမည်ကို ကျွန်ုပ် ကောင်းစွာ သဘောပေါက်လျက် ရှိပါ၏ ။ ထိုင်းပုလိပ်တို့အနေဖြင့် ဖူးခက်ထိပ်သီးဆွေးနွေးပွဲကြီးအား အချိန်ကိုက် အင်အားသုံး ဝင်ရောက်စီးနင်းပေးပါရန် ကျွန်ုပ်အနေဖြင့် တပည့်ကျော်တို့မှတစ်ဆင့် စဖန်ဟင်း ရဲစခန်းသို့ ထိုင်းဘတ်ငွေသုံးသောင်းအတိတိ လက်ဖက်ရည်ဖိုး ပေးခဲ့ရခြင်းကို သင်းတို့ မသိ၍ သာ တောကာကျပေတော့သည်။ ။

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်**

**ဆဲဗင်းဒေးနေ့စဉ်သတင်းစာ**

*

# ဘဂရှင်မင်းတရားကြီး ကျွန်ုပ်နှင့် ဘိုးလောင်းတော်
# ဘေးလောင်းတော်တို့၏ အရုပ်တော်ပုံ




## (တစ်)

ကံထမ်းလာသည်ကို ကြိုတင်မမြင်နိုင်လေသည့်၊ ဤဒွန္နယာကြီးတွင်၊ ကျွန်ုပ်သည် ကြံစည်မျှော်လင့်၊ စိတ်ကူးထားခြင်း အလျဉ်းမရှိပါပဲ၊ မရွယ်ပဲစော်ကဲ မင်းဖြစ် ဆိုဘိသကဲ့သို့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့်ဘဂ ရှင်မင်းတရားကြီးအဖြစ်သို့ ရောက်ခဲ့ရခဲ့ဖူးလေသည်။

ကျွန်ုပ် မင်းအဖြစ်ကို ရရှိသည့် တိုင်းပြည်ကြီး၏ အမည်နာမနှင့် အခြားဆက်စပ် အချက်အလက်များကို အပြည့်အစုံ ဖော်ပြရသော်၊ လိုရင်းမှသွေဖီ၍ စာလေးမည်ဖြစ်သောကြောင့် တိုင်းမသိ ဗာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ်ဟူသော ဆိုရိုးအတိုင်း၊ လိုတိုရှင်းသဘော ရှေးသရောအခါက ဗာရာဏသီပြည်ဟုသာ မှတ်ယူကြကုန်စေလို၏။ ကျွန်ုပ်၏ မင်းဧရာဇ်ဘွဲ့ အမည်တော်မှာလည်း တြိလောက

အစချီ ရှည်လျားသည်ဖြစ်၍ သေချာစွာ မမှတ်မိချေ။

ထို့ပြင်တဂ၊ နန်းတော်ဩဘာရတုတွင်၊ ထီးဆောင်းနန်းနေ ပဒေသရဇာ်၊ ပတ္တမြားဖိုးကဲ၊ ပုလဲသန္တာ၊ နီလာ၊ စိန်ကျောက်စသော အနဂ္ဃ ဥစ္စာမင်းထိုက် ဘဏ္ဍာများသခင်၊ ပုလဲလရောင် ငွေတောင်နှင့်အတူ ကိုယ်လုံးဖွေဖွေးဖြူသော သဗ္ဗသေတ၊ နာဂရာဇာ၊ ဂဇိန္ဒာဓိပတိ၊ သီရိမြတော၊ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော ဆဒ္ဒန်ဆင်မင်းသခင်၊ အစရှိသည့်လန်ဘား ကျောက်တံတား အသုံးအနှုန်းများပါဝင်သည်ကို အစမှအဆုံးတိုင် အာဂုံလွတ်၊ ရွတ်မပြနိုင်သော်ငြား၊ ရေးတေးတေးကား မှတ်မိတော်မူ၏ ။

နန်းတက်သည့်နေ့ရက် လအတိအကျကို မှတ်ဉာဏ်တွင် မထင်တော့လင့်ကစား ကျွန်ုပ်၏ တပည့်ကျော် လေမင်းသား၊ ကပ္ပလီနှင့် ဖေကြည်တို့ကား၊ အိမ်တော်ပါ ငယ်ကျွန်ကြီးများဖြစ်ကြ၍ ဘွဲ့မည်ရည် အသီးသီးနှင့် အရေးပါသော ဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်ခံကြရသည်ကို ကောင်းစွာ မှတ်မိလျက်ပင်ရှိ၏ ။

ထို့အတူ မင်းအဖြစ်ကို ရသည့်နေမှာပင် မိုးလင်းမိုးချုပ်၊ များလိုက်သည့်အလုပ် ဖင်ယား၍ ပင် မကုတ်အားခဲ့ခြင်းကိုလည်း ယခုထက်တိုင် ပြက်ပြက်ထင်ထင် မြင်ယောင်လျက်ပင် ရှိနေချေသေး၏ ။

*

## (နှစ်)

ရာဇမင်္ဂလာ ဘိသိက်ခံယူ၍ ဥကင်ထက်တွင် စံနေတော်မူရသည်နှင့် ဇယ်စက်သလို အလုပ်များခဲ့၏ ။ ဘိသေကမင်္ဂလာ အခမ်းအနားသို့ တက်ရောက်လာသော ခုနှစ်ပြည်ထောင်မင်းတို့၏ သံကြီးတမန်ကြီးများ၏

အဖူးအမြော်ခံရခြင်း နောက်တော်ပါတို့အား ဘွဲ့မည်ရည်အသီးသီး ချီးမြှင့်ရခြင်းအပြင် ပြည့်ရှင်မင်းတို့ သိအပ်သော၊ မင်းတို့အင်အား ငါးပါး၊ မင်းတို့ကျင့်ရာသောတရား ဆယ်ပါး၊ ရှစ်ပါးသရုပ်၊ စကြစတေးမင်းတို့ ကျင့်ရာသော ဝတ်တစ်ဆယ့်နှစ်ပါး၊ အပရိဟာနိယတရား ခုနှစ်ပါးသရုပ်၊ မင်းတို့၏ သင်္ဂဟတရား လေးပါးသရုပ် စသည်တို့ကို၊ အချိန်တိုအတွင်း အာဂုံရအောင်၊ မင်းဆရာဂုရုတို့ထံ ကျူရှင်ပါတက်ရပြန်သည်မှာ ညဥ့်ဦးယံတိုင်အောင် ဖြစ်ချေသည်။

စားတော်ကဲကြီး ပြင်ဆင်ပေးသည့် ညစာကို လေးငါးလုပ်စာမျှ စိတ်မပါ့တပါ ပွဲတော်တည်ပြီးနှင့် တချိူးတည်း ထိုးအိပ်စက်တော်ခေါ်ရန် သလွန်ထက်တွင် မှေးခနဲ အိပ်ပျော်မည်ကြံကာရှိသေး အိပ်ဖန်စောင့်ဆီမှ အသံထွက်လာသဖြင့် ငေါက်ကနဲ ထထိုင်တော်မူရပြန်သည်။

"မှန်လှပါ၊ အိမ်တော်ဝန်မင်း ကပ္ပလီအမတ်ကြီး အရေးတကြီး သံတော်ဦးတင်ရန်ရှိ၍ ဖူးမြော်ခွင့် တောင်းနေကြောင်းပါဖျာ့"

ခေါ်လိုက်ကွာ၊ စက်တော်ခေါ်မယ့်ကြံကာရှိသေး၊ ဒင်းကတမှောင့်၊ ဆက်သလာသော နန်းတက်လက်ဆောင်ပဏ္ဏာတို့ကို ဖွင့်ဖောက်စစ်ဆေးရင်း မောမေနှင့် တခေါခေါအိပ်ပျော်နေသည့် မိဖုရားခေါင်းကြီးအပါးမှ ထတဲ့ကာ အိပ်ဆောင်တင်းတိမ်ကို အသာဖယ်၍ အထွက် ဒူးတုတ်ခစားနေသော ကပ္ပလီငယ်သည် ရေးကြီးသုတ်ပျာ ဗျာကရာပင် လျှောက်တင်လာ၏ ။

"မှန်လှပါ၊ စက်ယာဆောင်အထိ လာရောက်သံတော်ဦးတင်ရသည်မို့ ထားလျှင်လည်း နေ၊ သတ်လျှင်လည်း သေရမည်ပါဘုရား"

"တိုတိုပြောစမ်းပါ ကပ္ပလီရာ၊ ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်"

"မှန်လှပါ၊ နောင်ချို အေးရှားဝေါဂိတ်၌ စိနတိုင်းပြည်ဖက်မှ တိတ်တဆိတ် ခိုးသွင်းလာသော ဖောက်ခွဲရေးပစ္စည်းများကား တဆယ့်ခုနှစ်စီး တိုက်မိသည့် တယ်လီဖုန်းသတင်း ဝင်လာကြောင်းပါဘုရား"

"ဟေ၊ များလှချည့်လား မောင်မင်း"

"မှန်လှပါ၊ ဘုရင့်သူလျှိုတပ်ဖွဲ့၏ ရုံးစာအတုနှင့် ဖြစ်နေပါသည်ဘုရား"

"အလိုလေးလေး၊ သောက်ကျိုးနည်းကုန်တော့မှာပါပဲ၊ သည်လောက်များတဲ့ ဒိုင်းနမိုက်တွေ၊ ပြောင်ပြောင်တင်းတင်း ကားအစီးပေါင်းမြောက်များစွာနဲ့ ဝင်လာတာ၊ ဟိုးအရင်ကနဲ့ဆို ဘယ်နှကြိမ်ရှိနေပြီပါလိမ့်၊ အရပ်ထဲခွဲရုံတင်မက နန်းတော်ကြီးတိုင်အောင် လာခွဲလျှင်ဖြင့် ဒုက္ခ၊ တာဝန်အရှိဆုံးဖြစ်တဲ့ စစ်သူကြီး ချက်ချင်းအရာမှ ချစေ မောင်မင်း"

"ရွှေညာဏ်ရှင် ဆင်ခြင်တော်မူပါဘုရား၊ ထိပ်တန်းစစ်သူကြီးဟာ အရှင့်ဘိုးလောင်းတော် ခန့်အပ်ခဲ့သူမို့၊ လက်ဖျားနှင့် တို့၍ မဖြစ်ကြောင်းပါ"

"အင်း၊ ဒါဆိုလည်း ထုံးစံအတိုင်း ကြည့်ကျက်ပြီးသာ လုပ်လိုက်ပေတော့၊ ငါကိုယ်တော် အိပ်ချင်လှပြီ"

သက်ပြင်းကို ခပ်လေးလေး ချတော်မူလျက် သလွန်တော်ရှိရာသို့ ပြန်ကြွတော့မည့် တခဏမှာပင် ဝန်မင်းဖေကြည် ကုတ်ကုတ်ကုတ်ကတ်နှင့် အခစားဝင်လာပြန်လေသည်။

*

## (သုံး)

"ဟဲ့၊ ငဖေကြည်၊ ညကြီးအချိန်မတော် ဘာဖြစ်လာပြန်ပြီတုန်း"

"မှန်လပါ၊ ဒဂုံသို့ ခြေလျင်ချီတက်နေသည့် တက္ကသိုလမှ ကျောင်းသားသပိတ်တပ်ကြီး ဂဲလောင်တောင်သာနယ်သို့ ရောက်ရှိကာ ရဲမက်တို့နှင့် ထိပ်တိုက်တိုးနေကြောင်းပါ ဘုရား"

ဗုဒ္ဓေါ၊ ဂဲလောင်တောင်သာ သက်တော်ရှည်အမတ်မင်းကား ယမ်းဘီးလူးဝန်ကြီး နာမည်ပျက်စာရင်း ဝင်သူပေတည်း၊ ဒင်းကို လွှတ်ထား၍ မဖြစ်၊ သို့သော် ထိပါး၍ လည်း မဖြစ်ပြန်ချေ။

ဒင်းသည် သွားလေသူ ဘိုးလောင်းတော်၏ အနှိပ်တော် လူယုံလက်ရင်း ဖြစ်ပေသည်။ ရွှေစိတ်တော် အိုက်လှပါဘိ။

"ပညာရေးကိစ္စပဲလကွယ်၊ ပြေလည်အောင် ဆောင်ရွက်ပေးလိုက်ကြမှပေ့ါ"

"မှန်လှပါ၊ တည်ဆဲပညာရေး ဥပဒေဟာ၊ အရှင့်ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ ပြဋ္ဌာန်းခဲ့သည်ဖြစ်၍ လက်ရှိပွဲကျောင်းထွက်ဝန်မင်းများ မတို့မထိရဲကြောင်းပါဘုရား"

"အင်း... ဘိုးတော်တို့စကား ပယ်ရှားရင်လည်း မသင့်တော်ပြန်ချေဘူး မောင်မင်း၊ မြွေမသေ တုတ်မကျိုးတဲ့ နည်းလမ်းနဲ့သာ ဥပါယ်တမျဉ်သုံးပြီး ဖြေရှင်းကြပါစေ မောင်မင်း၊ တော်တော့၊ ငါ အိပ်တော့မယ်"

"ဒါဆို လေးပွင့်ဆိုင်ဖို့ သဘောတူလိုက်ပ့ါမယ်ဖျာ့"

"ဟ၊ မဆိုင်ချင်ပါဘူးဆိုမှာကွာ"

"မှန်လှပါ၊ ယခုအပွင့်ဟာဆိုရင်ဖြင့် ရွှေနန်းရှင်ဆိုင်ရန်မလိုသော ပညာရေး အပွင့်ဆိုင်ဖြစ်ကြောင်းပါဖျာ့"

"ဂွတ်တယ် ထင် ဒူးသာဒူးကြပေတော့"

ပြည့်ရှင်မင်းတို့မည်သည် ညဥ့်သုံးယံတွင် တယံသာ အိပ်စက်ရသည့်စကားမှာ သွေးထွက်အောင် မှန်လေစွ။ သလွန်တော် ညောင်စောင်းတွင် မှေးစက်သော်လည်း မပျော်နိုင်ပါလေ။

အိပ်မပျော်သည့်အတူတူ ဌာနဆိုင်ရာဝန်မင်းများ ဖုတ်ပူမီးတိုက်

တင်သွင်းသည့် စာချွန်အတိုအရှည်တို့ကို ဖတ်ရှုမိပြန်ရာ လေးပွင့်၊ ခြောက်ပွင့်၊ လေးဆယ့်ရှစ်ပွင့် (၂၀၁၅) အောင်နိုင်ရေး၊ ဆီးသီးဗန်းမှောက်ခြင်း၊ တပ်မှူးအမတ်အစိတ်သား၊ နယ်စွန်နယ်ဖျားများမှ ပြဿနာများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ လက်ပံတောင်းနယ်အရေး၊ စိနတို့၏ လက်ဝါးကြီးအုပ်စိုးမှု။

အမတ်လစာတိုးရေး၊ ဟစ်တိုင်မှ လူစုလူဝေးကြီး၊ အမှုတော်ထမ်းများ ရိက္ခာတိုးမြှင့်ပေးရေး၊ ဟိုအရေး သည်အရေး၊ အရေးပေါင်း သောင်းခြောက်ထောင်ကို ဖတ်တော်မူရင်း မိုးစင်စင်လင်းလုခဲ့ပြီ။

နောင်ဒိုင်းဟူသော ဘယ်နှနာရီ ထိုးမှန်းမသိသည့် ဗဟိုရ်စည်သံ ကြားရသည့်တွင် ဆက်ကပ်လာသော မျက်နှာသစ်တော်ရေဖြင့် ကဗျာကယာ မျက်နှာသစ်လျက် စံနန်းတော်ဆောင် ဘုရားခန်းတွင်းမှ၊ ရွှေစင်အတိ သွန်းလောင်းထားသည့် ဘေးလောင်းတော် ဘိုးလောင်းတို့၏ ရွှေရုပ်တုတို့ကို၊ ဦးနှိမ်မာန်လျှော့ ကန်တော့ရပြန်သည်။ ခရစ်သက္ကရဇ် (၁၉၆၂) ခုနှစ်မှ ယနေ့တိုင် အစဉ်အဆက် စိုးမိုးခဲ့သော ဘိုးဘေးမင်းကောင်းမင်းမြတ်တို့ပေတည်း။

စံနန်းဆောင် ဘုရားခန်းမှအထွက် ဝန်ကြီးအဆောင်အယောင်နှင့် လေမင်းသားတစ်ကောင် ဖဝါးခြေစိုက် ဦးတိုက်လာသည်ကို တွေ့ရပြန်သည်။

*

## (လေး)

ကျွန်ရင်းမို့ ချက်ချင်းပင် မေးစေ့ကို ခြေမတော်ဖြင့် ကလော်၍ မေးရပြန်ချေ၏ ။

"ဘာဖြစ်လာပြန်ပြီတုန်းဟ၊ စေစောစီးစီးကွာ"

"မှန်လှပါ၊ ရွှေနားနှစ်ဆူ ပန်ဆင်တော်မူပါဖျား"

"ကြာရင် ငါကိုယ်တော် နင့်ကိုဆောင့်ကန်မိတော့မယ်၊ မြန်မြန်ပြောစမ်းကွာ"

"မှန်လှပါ၊ ကချင်နယ်မှ ကျောင်းဆရာမနှစ်ဦး၊ အခမ္မကျင့် အသတ်ခံရမှုကိစ္စ ကုသမဂ္ဂမှ အမြန်ဆုံး ဖော်ထုတ်ပေးရန် အရေးတကြီး တောင်းဆိုလာကြောင့်ပါဖျား"

"ပေါ်အောင်စစ်ကြလေကွာ၊ မင်းတို့ပွဲ့ ဥပဒေအထက်မှာ ဘယ်သူမှမရှိရဘူးဆို"

"မှန်ပါ၊ ကချင်အရေးသည် ဘိုးလောင်းတော် ဘေးလောင်းတော်၏ လက်ထက်မှအစပြု၍ ...

"အာ၊ တော်ပါတော့ကွာ၊ ဒီပြဿနာဟာ စစ်မက်ဖြစ်ပွားရာဒေသမှာ ပေါ်ပေါက်ခဲ့တာမို့၊ ဘိုးလောင်းတော်တွေ ခန့်ခဲ့တဲ့ စစ်သူကြီးလက်ထဲသာ ထိုးအပ်လိုက်ပေတော့၊ သူ့ဘာသာ ကြည့်ရှင်းပေ့စေ။ နောက်ထပ် ဘာရှိသေးတုန်း"

"မှန်လှပါ၊ ဘုရင့်အမိန့်ဖြင့် မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဂန္ဓလရာဇ်ပြည်ပိုင်၊ စက်ယန္တရားများကို ပြန်လည်ရယူလိုကြောင်း စိနပြည်နယ်ဘုရင်ခံမှ ရာဇသံ ကြားရောက်ကြောင်းပါဖျား"

"အောင်မာ၊ သူခိုးတွေကများ၊ ရာရာစစ၊ ခိုးထုတ်ခိုးထည်တွေနဲ့ လက်ပူးလက်ကြပ်မိတာ သေချာပါလျက်၊ ဘာကိစ္စ ပြန်ပေးရမတုန်း၊ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ၊ ကျောသားရင်သား မခွဲခြားစကောင်းဘူး မဟုတ်လား မောင်မင်း"

"မှန်လှပါ၊ ကာလကြာမြင့်စွာကပင် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ အကျိုးတူ ဖက်စက်သဘော၊ ပုလင်းတူဖူးဆို့ ပါဝင်ပတ်သက်"

"လာပြန်ပဟာ၊ ဒီဘိုးလောင်းတော် ဘေးလောင်းတော်၊ အေးပါကွာ၊ အေးပါ အေးပါး၊ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ ကြောက်ရတယ်ဆိုတာ လူမသိအောင်၊ အချိန်လေး နည်းနည်းဆွဲပြီး ပြန်ပြေးလိုက်ကြပေရော့၊ ရပြီနော်"

"မှန်လှပါ"

"နင့်အမေကလွှား မှန်လှပါ လုပ်မနေနဲ့၊ ညီလာခံတက်ရမယ့်အချိန် ရောက်နေပြီ၊ တင်စရာရှိ ဟိုကျမှ တင်ပေတော့"

*

## (ငါး)

ရွှေနန်းတော်ကြီး၏ ညီလာခံခန်းမအရောက် သီဟာသနပလ္လင်ပေါ်မှ ရှုစားတော်မူသည့်အခါ၊ သက်တော်ရှည် အမတ်ကြီးများ၊ ပုဏ္ဏားဖြူ ပုဏ္ဏားညို၊ မှူးကြီးမတ်ရာ သေနာပတိတို့အပြင် ခုနစ်ပြည်ထောင်မင်းတို့၏ သံတမန်များကိုပါ၊ ညီလာခံခန်းမနှင့်မဆံ့ အုံလိုက်ကျင်းလိုက် တွေ့မြင်ရပြန်လေသည်။

"အိမ်း၊ မင်းကြီးများ"

"ဖျား၊ ဖျား"

"သံတမန်များ မပြန်ကြသေးဘူးကွယ်တို့"

"မှန်လှပါ၊ ဘုန်းတော်ကြောင့်၊ ကုန်သွယ်မှုစာချုပ်၊ သယံဇာတ တူးဖော်ရေးစာချုပ်များ ချုပ်ဆိုရန်ပါဖျား"

"ကောင်းလှပေတယ် အမတ်မင်းတို့၊ တိုင်းပြည်ဘဏ္ဍာ တိုးပေသပေ့ါ"

"မှန်လှပါ၊ ယခင်ကြွေးဟောင်းနှင့် နှိမ်ကြမည်ဖြစ်၍ ၊ ဝင်ငွေရရန် မရှိပါဖျာ့"

"ဟာ၊ ငါက မနေ့ကမှ နန်းတက်တာ၊ ဘယ်က ကြွေးရှင်တွေတုန်း"

"မှန်လှပါ၊ ဘိုးလောင်းတော် ဘေးလောင်းတော်တို့ ကြိုတင်ချေးယူ သုံးစွဲထားခြင်းပါဖျား"

"လာလာသမျှပြဿနာ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ စနက်ချည်း ဖြစ်နေလေပြီ"

"ကဲပါဗျာ၊ တိုးသာ ဆုတ်သာ တော်သလို ကြည်ညိုကြပေတော့ ဘိုးဘိုးတို့" ပလ္လင်ပေါ်မှ မျှော်ကြည့်လေသော် ညီလာခံခန်းမ အပြင်ဘက်မှာ ရပ်ဝေးရပ်နီး မြို့စားနယ်စားများ မြို့ဝန်အကြီးအသေး တန်းစီတိုးသလို တသီတတန်းကြီး ကျန်နေသေးသည်ကို ရှုစားတော်မူရ၏။

သည်ပုံအတိုင်း ဆိုရင်ဖြင့် ရာဇပလ္လင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း အသက်ပျောက်ပေတော့မည်။ မင်းမြောက်တန်ဆာငါးပါးမှ ချွေးဒီးဒီးကျလာ၏။

လမ်းဘေးမှာ ဆိုင်းထမ်းဖြင့် မုန့်ဟင်းခါးရောင်းရသည့်ဘဝကမှ တော်ကာကျပေဦးမည်။ မနက်စောစီးက နို့တစ်ခွက်သာ သောက်လာရသည့်ဝမ်းကလည်း ဟာလှပြီ။ စိတ်အိုက်လွန်းလှသည့် ရာဇဏ္ဍေကို မငဲ့နိုင်တော့ဘဲ အသံထွက် ညည်းညူမိတော့သည်။

"ကြီးလိုက်တဲ့ဒုက္ခ၊ ငါတော့ သေချင်စောနံနေပြီဟော့"

"မှန်လှပါ၊ ဘုန်းတော်ကြောင့်၊ ဗျာဒိတ်တော်မြွက်အတိုင်း၊ အရှင်မင်းတရား လူ့ပြည်ငြီး၍ နတ်ရွာစံလျှင်လည်း တစ်ဖက်လျှင် လေးငါးရာမျှသော နတ်သမီးတို့ဖြင့်၊ ဖလ်နန်းပြသာဒ်၊ မှန်နန်းပြသာဒ်တို့ဖြင့် ဘေးလောင်းတော် ဘိုးလောင်းတော်တို့နည်းတူ စံ၊ စံ....

"တောက်... လာပြန်ပြီ၊ သေတာတောင် ဒီ ဘိုးလောင်းတော် ဘေးလောင်းတော် ဒီလောက်ပြဿနာ အမျှင်မပြတ်သေးဘူးလားဟဲ့"

"မှန်လှပါ၊ အရှင့်အမျိုးအရင်း ခေါက်ခေါက်များ ဖြစ်ကြ၍ အရှင်ဤနန်းစည်းစိမ်ကို ရလာခြင်းမှ ဘိုးလောင်းတော်...

"ဟာ... လျှာရှည်လှတဲ့ မိကျောင်းသား၊ ကဲ... မှန်ရောလဟ"

ပြင်းထန်သော အမျက်ဒေါသ ရာဇမာန်အရှိန်ကြောင့် အထွန့်တက်နေသည့် သက်တော်ရှည် အမတ်မင်းအား လက်တွင်းရှိ သံလျက်တော်ဖြင့် ကောက်ပေါက်လိုက်ချိန်တွင် မင်းတားရားကြီး ကျွန်ုပ်လည်း အရှိန်လွန်၍ ပလ္လင်ထက်မှာ ဓားက်ထိုးကျကာ လန့်နိုးတော်မူခဲ့ရာ ခါးဆစ်ရိုးနာသည့် အချိန်များတွင် မင်းဧကရာဇ်စည်းစိမ်ကို ယနေ့တိုင်အောင် ထိတ်လန့်နေဆဲ ဖြစ်လေသည်။

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်**

**ဆဲဗင်းဒေးနေ့စဉ်သတင်းစာ**

*

# ကျွန်ုပ်နှင့် ဝိုင်းမော်ဒေသမှ ရောမသစ်ခိုးမှုကြီး




## (တစ်)

"ရဲရဲတင်းတင်းသာ ခိုးကြစမ်းကွယ်ရို့ မင်းတို့နောက်မှာ မင်းတို့ဆြာ ငါတစ်ယောက်လုံး ရှိနေပါတယ်ဟ"

"ဟုတ်ပ့ါမလား အဘ၊ အဲ.. ဆြာ၊ ဒါတရုတ်ပြည်နော်"

"ဆြာ့ကို ယုံကြည်လွန်းလို့သာ အရဲစွန့်ပြီး ခိုးရမှာ မျက်ခုံးကတော့

ခပ်လှုပ်လှုပ်ပဲဆြာ"

"သေချာရဲ့လား ဆြာရယ်၊ တော်ကြာနေ၊ တရုတ်ထောင်ထဲမှာ နော်ခမ်းလို ဇာတ်လမ်းသွားရင်ဖြင့် ကိုယ်ကျိုးနည်းမှာနော်"

`ဆြာကောင်းတပည့် မပီသလိုက်ကြလေခြင်းကွယ်တို့၊ ငါက ခိုးပါလို့ဆိုနေမှတော့ နောက်ကြောင်းအေးလိုက်စမ်းပါ၊ ခိုးမှာသာ ခိုးကြစမ်းပါဟ"

ကျွန့်ပ်နှင့် လေမင်းသား ကပ္ပလီ ဖေကြည်တည်းဟူသော လက်ရင်းတပည့်ကျော် သုံးယောက် အပြန်အလှန် စကားတီးတိုး ဆိုနေကြရာနေရာကား။ တရုတ်ပြည်မြို့တော် ပီကင်းရှိ (Chine World Trade Centre) ဈေးမကုန်တိုက်ကြီးအတွင်းမှ ရတနာဆိုင်ကြီးတစ်ခု၏ ရှေ့တွင် ဖြစ်ချေ၏ ။ တပည့်တို့ကား ကျီးကန်းတောင်းမှောက် ထိတ်ထိတ်ပြာပြာ အမူအယာကိုယ်စီဖြင့် ဂဏှာမငြိမ် ချီတုံချတုံ ဖြစ်နေကြသော်ငြား၊ ဆြာဖြစ်သူ ကျွန့်ပ်မူကား အေးဆေးတည်ငြိမ်သော ဣန္ဒြေဖြင့် ၊ တိုးညှင်းစွာ လေချွန်မပျက်လျက် ရှိ၏ ။

ရတနာဆိုင်ကြီး၏ ရှုံးကေ့စ်မှန်ဘောင်ကြီးများအတွင်းမှ တန်ဖိုးငွေ အမေရိကန်သန်းနှင့်ချီ၍ တန်ဖိုးရှိသည့် လက်ရာမြောက် လက်ဝတ်ရတနာတို့မှာ၊ နိုင်ငံတကာ လူဂုဏ်ထံ ကမ္ဘာလှည့်ခရီးသည်တို့အား သွားရည်တမြားမြားကျအောင် ဖိတ်ခေါ်နေသယောင် ရှိ၏ ။ တပည့်တို့မှာ အဖိုးတန်ရတနာပစ္စည်းတို့ကို တစ်လှည့်၊ ဆြာသခင်ဖြစ်သူ၏ မျက်နှာကိုတစ်လှည့်၊ ကြည့်ရင်း ဆြာအမိန့်ကို နာခံရန် တုံ့ဆိုင်းနေကြစဉ်မှာပင်၊ ဦးစီးခေါင်းဆောင်ဖြစ်သူ ကျွန့်ပ်အနေဖြင့် နောက်ဆုံး လမ်းညွှန်ချက်အမိန့်ကို အာဏာသံပါပါ ပေးလိုက်ရင်း စစ်ဆင်ရေးကို စတင်လိုက်ရချေတော့သည်။

"ကဲ... ဟော့ကောင်တွေ၊ ဒါ အချိန်ကောင်းပဲ၊ တန်ဖိုးအကြီးဆုံးရတနာပစ္စည်းကို သေချာရွေးပြီး အလစ်သုတ်ကြပေရော့"

ကျွန့်ပ်၏ အမိန့်သံနှင့် မရှေးမနှောင်းမှာပင် တပည့်ကျော်သုံးဦးသည်

အဆိုပါရတနာဆိုင်ကြီးအတွင်းသို့ တုန်ရီသော ခြေလှမ်းများဖြင့် ဝင်ရောက်သွားကြရင်း ဈေးဝယ်ဟန်ပြုလျက် တန်ဖိုးကြီးရတနာများကို တစ်ခုချင်း ထုတ်ပြစေပြီးနောက် ဆြာ့ ညွှန်ကြားချက်အတိုင်း အဖိုးတန်ရတနာပစ္စည်းတို့ကို အိမ်ထောင်အတွင်းသို့ထည့်ကာ အလစ်သုတ်လိုက်ကြသည်၏ ။ တစ်ခဏမှာပင် အချက်ပေးသံမျိုးစုံ ကျယ်လောင်စွာ မြည်ဟီးထွက်ပေါ်လာတော့သည်။

ထို့နောက်တွင်ကား ခေတ်မီသေနတ်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် တရုတ်ရဲလုံခြုံရေး အမြောက်အများသည် ဘယ်အချိန်က ကြိုတင်စောင့်ဆိုင်းနေကြလေသည်မသိ၊ ချက်ချင်းဆိုသလို ဝိုင်းအုံရောက်ရှိလာကြကာ ကျွန်ုပ်၏ တပည့်ကျော်သုံးဦးအား ဝင်ရောက်လုံးထွေး ဖမ်းဆီးလျက် လက်ထိပ်ခတ်ခေါ်ဆောင်သွားကြလေတော့သည်။ တပည့်တို့ကား ငိုမဲ့မဲ့ မျက်နှာထားကိုယ်စီဖြင့်၊ လူအုပ်ကြီးထဲတွင် ခေတ္တကိုယ်ယောင်ဖျောက်နေသည့် ကျွန်ုပ်ကို အားကိုးတကြီး ရှာဖွေနေကြဟန် ရှိ၏ ။

ကျွန်ုပ်သည်ကား မဟာစီမံချက်၏ ပထမဆုံးအဆင့်၊ ကောင်းစွာအောင်မြင်ခဲ့လေပြီဟူသော အတွေးဖြင့် ကျွန်ုပ်တစ်ကိုယ်တည်း ကျိတ်၍ ပြုံးလိုက်မိလေသည်။

*

## (နှစ်)

ကျွန်ုပ်သည် ပီကင်းမြို့ရှိ ခေတ်မီဟိုတယ်ကြီးတစ်ခုတွင် တည်းခိုရင်း အချုပ်နန်းစံနေကြရသော တပည့်ကျော်တို့၏ သတင်းအပြည့်အစုံကို (Reference News) နှင့် (People’s Daily) အစရှိသည့် တရုတ်နိုင်ငံထုတ် သတင်းစာများမှတစ်ဆင့် ဖတ်ရှုလေ့လာကာ အခွင့်ကောင်းကို စောင့်ဆိုင်းလျက်

ရှိလေ၏ ။ ရက်သတ္တပတ် နှစ်ပတ်မျှကြာသော်၊ တပည့်ကျော်တို့သည် ဒေါ်လာသန်းချီတန်သော ရတနာပစ္စည်းများကို ခိုးယူရန် ကြံစည်မှုဖြင့် ပြစ်မှုဆိုင်ရာ တရားဥပဒေအရ သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်း ခံရလေတော့သည်။

အထက်ဖော်ပြပါ ထိုထိုသော ဖြစ်ရပ်တို့ကို ဖြစ်ပေါ်စေခဲ့ခြင်း၏ မူလအကြောင်းရင်းခံသည်ကား ကျွန်ုပ်နေထိုင်ရာ ဖူးခက်မြို့၊ အစ်မခန်အရပ်သို့ လိပ်မူလျက်၊ နိုင်ငံတော်သမ္မတရုံးမှ အမည်မဖော်လိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ပေးပို့လာခဲ့သော စာတစ်စောင်မှ မြစ်ဖျားခံခဲ့လေ၏ ။ အဆိုပါစာကို အပြည့်အစုံရေးပြရသော် မသင့်တော်ဟု ကျွန်ုပ် ထင်မြင်မိသဖြင့် အကျဉ်းချုပ်အနေဖြင့် ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်လေသည်။

ဆြာဒင်ခင်ဗျား

မကြာသေးမီ ရက်ပိုင်းအတွင်းက တရုတ်နိုင်ငံ နယ်စပ်အနီး ဝိုင်းမော်ဒေသတစ်ဝိုက်တွင် တရားမဝင် သစ်ခိုးထုတ်နေသည့် တရုတ်နိုင်ငံသား တစ်ရာကျော်ကို သစ်ခုတ်သစ်ထုတ် ယန္တရားများ အပါအဝင် သစ်တင်ကား အစီးလေးရာကျော်ခန့်နှင့်အတူ မိမိတို့စစ်ကြောင်းများမှ ဝေဟင်စစ်ဆင်ရေး ပြုလုပ်စဉ် လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ခဲ့ပါသည်။

ထိုဖြစ်ရပ်နှင့် မရှေးမနှောင်းမှာပင် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ တရုတ်အစိုးရမှ မြန်မာအစိုးရထံ ဖိအားပေးလာခဲ့ရာ မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းရမည်မသိ အကြပ်ရိုက်လျက် ရှိပါသည် ။ သို့ဖြစ်ပါ၍ ဆြာဒင့်အနေဖြင့် ယင်းကိစ္စအပေါ် အကောင်းဆုံး လမ်းညွှန်အကြံဉာဏ်ပြုပါရန် အကူအညီတောင်းခံအပ်ပါသည်။

**ရိုသေလေးစားစွာဖြင့်**

**ထိပ်တန်းအရာရှိ**

**သမ္မတရုံး၊ နေပြည်တော်**

**မြန်မာနိုင်ငံတော်အစိုးရ**

ယင်းစာတွင် ရည်ညွှန်းသည့်ဖြစ်စဉ် အသေးစိတ်ကို ကျွန်ုပ်အနေဖြင့် မီဒီယာစာမျက်နှာများတွင် ဖတ်ရှုသိရှိပြီးဖြစ်ပါ၏။ ကျွန်ုပ်သည် လက်ရှိအာဏာရ အစိုးရအား နှစ်သက်ထောက်ခံခြင်း မရှိသော်ငြား၊ ယခုကိစ္စရပ်မှာ အမျိုးသားရေးပြဿနာ တစ်ရပ်ဟု ခံယူမိသဖြင့် တာဝန်ယူဖြေရှင်းပေးရန် ဆုံးဖြတ်လျက် ပုဂ္ဂိုလ်အား ဤကိစ္စနှင့် စပ်လျဉ်း၍ ပူပင်ကြောင့်ကျမှုကင်းစွာ နေထိုင်ပါရန် ချက်ချင်းပင် အကြောင်းပြန်စာပေးပို့ပြီး ဆရာတပည့် လေးဦးသား ရရာလေယာဉ်ဖြင့် ဖူးခက်မှသည် ပီကင်းဆီသို့ အပူတပြင်း ခရီးနှင့်ကာ လိုအပ်သည်တို့ကို စနစ်တကျ အကွက်ချ စီစဉ်ခဲ့ရချေသည်တစ်မုံ့။

*

## (သုံး)

တပည့်ကျော်သုံးဦးအား ရုံးတင်စစ်ဆေးမည့်နေ့တွင် သက်ဆိုင်ရာတရားရုံးရှိရာသို့ ကျွန်ုပ်ရောက်ရှိသွားချိန်၌ တာဝန်ကျတရားသူကြီးသည် အမှုတွဲကို စတင်လက်ခံကြားရရန် အသင့်အနေအထား ရှိနေပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် အနည်းငယ်မျှ တွေဝေတုံ့ဆိုင်းနေခြင်း မရှိဘဲ၊ တရားရုံးလုံခြုံရေး အရာရှိမှတစ်ဆင့်၊ တရားသူကြီးအား အဆိုပါအမှုတွင် တရားခံဟု စွပ်စွဲခံရသူများဖက်မှ လိုက်ပါလျှောက်လဲခွင့်ပြုရန် ကျွန်ုပ်၏ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့လက်မှတ်၊ နိုင်ငံတကာ ရှေ့နေများကောင်စီ၏ အသိအမှတ်ပြုကဒ်ပြားတို့ကို ပူးတွဲတင်ပြလျက် အခွင့်တောင်းခံရာ

တရားသူကြီးသည် ကျွန်ုပ်၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရင်း ချက်ချင်းဆိုသလို လက်ခံအတည်ပြုလေသည်။

ကျွန်ုပ်ကား စစ်ဦးဘီလူးဆိုသကဲ့သို့ ပွဲစသည်နှင့် တိုက်စစ်ကို ဟူဟူးလျှင်လျှင် ဖွင့်လိုက်ရချေတော့၏ ။

"တရားသူကြီးမင်းခင်ဗျာ၊ ကျနော်ဟာ မြန်မာရှေ့ရာဇဝင်မှာ နေလိုလလို ထင်ရှားခဲ့တဲ့၊ ရေစကြိုသား ခံတော်ဦးကျဘမ်းရဲ့ မျိုးနွယ်ဆက်ဖြစ်သလို၊ တရားသူကြီးမင်းဟာလည်း တရုတ်နိုင်ငံ တရားစီရင်ရေးရာဇဝင်မှာ အလွန်သမာမတ်ကျ ဖြောင့်မတ်တည်ကြည်သူအဖြစ် ကမ္ဘာအနှံ့ ဂုဏ်သတင်းမွှေးပျံ့ခဲ့တဲ့ တရားသူကြီး ပေါင်ချိန်နဲ့တန်းတူ ဂုဏ်သိက္ခာရှိသူလို့ ကျွန်ုပ် အခိုင်အမာ ယုံကြည်တဲ့အတွက် ဤစာလွှာကို ရုံးတော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျာ။

တရားသူကြီး၏ လက်ဝယ်သို့ ကျွန်ုပ် ပေးအပ်ခဲ့သော စာလွှာတွင် အောက်ပါအတိုင်း ရေးသားပါရှိသည်။

"ရတနာပစ္စည်းများ ခိုးယူမှုဖြင့် ဖမ်းဆီးနေရသည့် မြန်မာ့လူငယ်သုံးဦးကိစ္စ မှန်မှန်ကန်ကန် ကိုင်တွယ်ရန် တရုတ်အစိုးရသို့ တိုက်တွန်းခြင်း"

၁။ မြန်မာတစ်မျိုးသားလုံး၏ ပြောရေးဆိုခွင့်ရှိသူ ကျွန်ုပ်ဆြာဒင်အနေဖြင့် တရုတ်နိုင်ငံ ပီကင်းမြို့တွင်ဖြစ်ပွားခဲ့သော မြန်မာလူငယ်သုံးဦးအား ရတနာပစ္စည်းများ ခိုးယူမှုဖြင့် စွပ်စွဲထားခြင်းအပေါ် တရားသဖြင့် မျှမျှတတ ကိုင်တွယ်ပေးစေလိုသည်။ မြန်မာပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အဆိုပါ ကိစ္စရပ်အပေါ် အသေးစိတ် လေ့လာစောင့်ကြည့်လျက် ရှိသည်။

၂။ နိုင်ငံတကာရောက် မြန်မာလူမျိုးများ၏ ဘေးကင်းလုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုရှိစွာ မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရန်၊

ကျွန်ုပ်တို့အနေဖြင့် ဆန္ဒရှိသည်။ တစ်ချိန်တည်းမှာပင် အဖမ်းဆီခံထားရသော မြန်မာလူငယ်သုံးဦး၏ တရားဥပဒေဆိုင်ရာ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ရရန် သေချာစေချင်ပါသည်။

**ပုံ**

**ဆြာဒင်**

**ခေတ္တ၊ ဖူးခက်မြို့။**

**ယိုးဒယားပြည်တောင်ပိုင်း။**

*

**(လေး)**

မျက်ပေါက်ကျဉ်းသည့် တရားသူကြီးသည် ကျွန်ုပ်ပေးအပ်သည့် စာကို ဖင်လှန်ခေါင်းလှန် အကြိမ်ကြိမ်ဖတ်ရှုပြီးသည့်အခါ မည်သို့ နားလည်ဝေခွဲရမည် မသိသော အူကြောင်ကြောင် မျက်နှာပေးနှင့် ရှိနေ၏ ။ အတန်ကြာမှ သူ့စကားသံ ထွက်ပေါ်လာသည်။

"ဘယ့်နှယ့်စာကြီးပါလိမ့်၊ အသနားခံစာလည်းမဟုတ်၊ အယူခံလွှာလည်းမဟုတ်၊ ရာဇသံလိုလို ဘာလိုလိုနဲ့၊ ဒါနဲ့နေပါဦး မောင်ရင်၊ ဒီအမှုဟာ ကိုယ့်ကျင့်တရားပျက်ပြားတဲ့ ခိုးမှုဆိုတာတော့ သိပါတယ်နော်"

"ဟုတ်ကဲ့၊ သိပါသော်ကောဗျာ"

"နောက်တစ်ချက်က ဒီတရားခံတွေဟာ တရုတ်ပိုင်နက်နယ်မြေထဲမှာ လက်ရဲဇက်ရဲလာပြီး ကျူးလွန်တာကိုကော၊ မောင်ရင် မသိတာလေရော့သလား။

"အရမ်းအရမ်းကို သိပါတာပေါ့ခင်ဗျာ"

"ဒါဖြင့် ဒီစာဟာ၊ တရုတ်နိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုကို သိသိကြီးနဲ့ စော်ကားလိုက်ရာ ကျနေတယ်ဆိုတာ၊ မောင်ရင် နားမလည်ဘူးလား"

"ဒီလိုပြောကြကြေး ဆိုရင်ဖြင့် တရားသူကြီးတို့ရဲ့ တရုတ်အစိုးရဟာလည်း မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးကို သိသိကြီးနဲ့ ဝင်စွက်တဲ့သဘောမို့ ဒီစာကို ထုတ်ပြန်တာလားခင်ဗျာ၊ ကျွန်ုပ်သည် တရားသူကြီး၏ လက်ဝယ်သို့ ဒုတိယမြောက်စာတစ်စောင်ကို ပေးအပ်ရာ၊ ယင်းစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

တရားမဝင် သစ်ခုတ်မှုဖြင့် ဖမ်းဆီးခံနေရသူများကိစ္စ မှန်မှန်ကန်ကန် ကိုင်တွယ်ရန် တရုတ်အစိုးရ တိုက်တွန်း -

၁။ တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်းလီက မြန်မာနိုင်ငံတွင်ရှိသော တရုတ်သံရုံးအနေနှင့် အဆိုပါကိစ္စအပေါ် အသေးစိတ်စုံစမ်းမှုများ ပြုလုပ်နေပြီး အမှုကို တရားသဖြင့် မျှမျှတတ ကိုင်တွယ်ဆောင်ရွက်ပေးစေလိုသည်။

၂။ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက် ဘေးကင်းလုံခြုံ ဥပဒေစိုးမိုးမှုရှိ ယင်းကိစ္စကို မြန်မာနှင့်အတူ မှန်မှန်ကန်ကန် မျှမျှတတဖြစ်အောင် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ရန် တရုတ်တို့ဘက်မှ ဆန္ဒရှိပါသည်။ တစ်ချိန်တည်းမှာပင် ဖမ်းဆီးခံထားရသော တရုတ်နိုင်ငံသားများအားလုံး၏ တရားဥပဒေဆိုင်ရာ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ရရန် သေချာစေချင်ပါသည်။ (တရုတ်နေ့စဉ် သတင်းစာ)

တရုတ်တရားသူကြီးသည် ကျွန်ုပ်၏ စာကို တက်သုတ်ရိုက် ဖတ်ရှုပြီးသည်တွင် တအံ့တဩ အမူအရာဖြင့် တစ်လုံးတစ်ပါဒမျှ ခွန်းတုံ့မပြန်နိုင်ဘဲ ရှိနေစဉ် ကျွန်ုပ်သည် ထောက်လက်သီးနှင့် တူလှစွာသော နောက်ဆုံး

လျှောက်လဲချက်ဖြင့် ပွဲကို အဆုံးသတ်ခဲ့လေတော့သည်။

"တရားသူကြီးမင်းခင်ဗျား၊ ဝိုင်းမော်သစ်ခိုးမှုမှာ တရားခံတရုတ်လူမျိုးတွေဟာ ကိုယ်ကျင့်တရား ဖောက်ဖျက်တဲ့ ခိုးမှုကျူးလွန်သူတွေ မဟုတ်ဘူးလား။ သူတစ်ပါးနိုင်ငံပိုင်နက် နယ်မြေထဲကို အတင့်ရဲစွာ ကျူးကျော်ဝင်ရောက်ပြီး လောဘဇောတိုက် ခိုးခဲ့ကြတာ မဟုတ်ဘူးလား၊ ဒါကို သိပါလျက်နဲ့ ဘာကြောင့် ရာဇသံပါတဲ့ စာမျိုးကို ကျုပ်တို့အစိုးရအဖွဲ့ထံပေးပို့ ခြိမ်းခြောက်ရပါသလဲ၊ အခု ရုံးရှေ့မှာ ရောက်နေတဲ့ လူငယ်တွေဟာ သူခိုးအစစ်တွေ မဟုတ်ပါဘူး။ အမှန်တရားကို ဆင်ခြင်သုံးသပ်နိုင်ဖို့ ကျုပ်ကိုယ်တိုင် တမင်ကြိုတင် စီမံပြီး ဟန်ဆောင်ခိုးမှု ကျူးလွန်စေခဲ့ခြင်းသာ ဖြစ်တယ်။

*

## (ငါး)

တရားသူကြီးသည် အမွှန်ကို အခွပ်ခံရသော ကြက်ကဲ့သို့ လည်လိမ်ကာ ဇတ်စောင်းလျက် ရှိလေပြီ။ နောက်ဆုံးတွင်မူ ယခုကိစ္စမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုဦးစီးအဖွဲ့နှင့် တရုတ်အစိုးရတို့ထံ တင်ပြရမည့်အမှုဖြစ်ကြောင်းပြောကြားကာ ရုံးတော်ကို ရပ်နား၏ ။ နှစ်ရက်မျှကြာသော် ကျွန်ုပ်၏ တပည့်ကျော် သုံးဦးအား စွဲဆိုထားသော ပြစ်မှုမှ တရားသေ လွှတ်မိန့်နှင့်အတူ တရုတ်အစိုးရထံမှ ကျွန်ုပ်ထံ လိပ်မူသည့် စာတစ်စောင် ရောက်ရှိလာခဲ့လေသည်။ အဆိုပါစာတွင် တရုတ်နေ့စဉ် သတင်းစာ၌ ဖော်ပြခဲ့သော တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်းလီ၏ ပြောကြားချက်ကို မိမိတို့အနေဖြင့် အလေးအနက် ပြန်လည်စဉ်းစားသုံးသပ်မည် ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာအစိုးရ၏ အရည်အသွေးညံ့ဖျင်းမှုနှင့် ကိုယ်ကျင့်တရား ပျက်ပြားနေမှုများကို မိမိတို့ ကောင်းစွာသိရှိကြောင်းနှင့် နောက်တက်လာမည့် အစိုးရသစ်လက်ထက်တွင်

တရုတ်မြန်မာ နှစ်နိုင်ငံ၏ ရေရှည်ဆက်ဆံရေး တည်တံ့နိုင်စေရန်၊ ကိုယ်ကျင့်တရားကို အဓိကထားသည့် မူဝါဒကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယခု ဤစာကို ရေးသားနေချိန်အထိ ကျွန်ုပ်ထံ စာဖြင့်ရေးသား အကူအညီတောင်းခံခဲ့သည့် သမ္မတရုံးထိပ်တန်းအရာရှိကြီးထံမှမူ အကြောင်းတစ်စုံတစ်ရာ အသိပေးဆက်သွယ်လာခြင်း မရှိသေးချေ။ မည်သို့ပင်ဆိုစေကာမူ အချုပ်မှ ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်လွတ်မြောက်လာကြသော တပည့်ကျော်တို့၏ ရင်တွင်းမှ တက်ကြွစွာ ကျူးရင့်လိုက်သည့် စကားကြောင့် ကျွန်ုပ် ဂမ်းမြောက်ကျေနပ်ခြင်း ဖြစ်ရသည်ကား အမှန်ဖြစ်ချေ၏ ။

"ဆြာရယ်၊ နိုင်ငံနဲ့လူမျိုး သိက္ခာရှိမယ်ဆိုရင်၊ အချုပ်ကျရုံတင် မကပါဘူး၊ ကြိုးစင်တက်ဖို့ ဆိုရင်တောင် ရင်ကော့ပြီး တက်သွားဖို့ ဆြာ့တပည့်တို့ အဆင်သင့် ရှိပါတယ်ဆြာ"

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်**

**ဆဲဗင်းဒေးနေ့စဉ်သတင်းစာ**

*

# ကျွန်ုပ်နှင့် ဂြိုဟ်မွှေသော သရော်စာ




## (တစ်)

"ဗိုျ့ဆြာဒင်"

"ဒုန်း"

"ဒုန်း"

"ဗိုျ့ ဆြာ၊ မြန်မြန်ထစမ်းပါဗျ၊ ဒီအချိန်ထိ ကုလားသေ ကုလားမော အိပ်နေရတယ်လို့ဗျာ"

"ဒုန်း"

"ဒုန်း"

အိပ်ခန်းအပြင်ဘက်မှ အဆက်မပြတ် တံခါးထုသံနှင့်အတူ ကျွန်ုပ်၏ အမည်ကို ခုနှစ်အိမ်ကြား ရှစ်အိမ်ကြား နားကွဲလုမတတ် အော်ခေါ်နေသံကြောင့်

နတ်သမီးတစ်ဖက် လေးငါးရာစီနှင့် ဇိမ်ယစ်လျက်ရှိသည့် အိမ်မက်မှ ကျွန်ုပ်လန့်နိုးကာ ကုတင်ထက်တွင် ငေါက်ခနဲ ထထိုင်လိုက်မိပြီး အိမ်မှုန်စုံမွှားဖြင့်ပင် တံခါးကို ကမန်းကတန်း ဖွင့်လိုက်ရချေသည်။ ပြတင်းတံခါးတို့ကို ဖြတ်သန်းဝင်ရောက်လျက်ရှိသော နေရောင်ခြည် အလင်းတန်းကို ထောက်ရှုခြင်းဖြင့် နေထန်းတစ်ဖျားခန့် ရှိလေပြီ။ လွန်ခဲ့သောညက ဖေ့စ်ဘွတ်တွင် တကုပ်ကုပ် အလုပ်ရှုပ်နေခဲ့သဖြင့် ကျွန်ုပ်အိပ်ရာဝင် အတော်နောက်ကျခဲ့၏။ တံခါးအပြင်ဖက်တွင် တပည့်ကျော် ကပ္ပလီကို သွေးဆုတ်နေသော မျက်နှာဖြင့် မြင်လိုက်ရသည်။

"ဘာတုန်းဟ၊ ဖြေးဖြေးသက်သာလုပ်ပ့ါ မောင်ရဲ့၊ မောင့်ဥစ္စာ ကမ္ဘာပျက်သလား အောက်မေ့ရတယ်"

"ကမ္ဘာပျက်ရုံတင် ဘယ်ကပ့ါမလဲ ဆြာ၊ မိုးပါ မီးလောင်နေပြီဗျ"

"ဒါဆို ဖူးခက်မီးသတ်ကို ဖုန်းဆက်လေ။ ကြုံကြုံဖန်ဖန်ကွာ၊ မိုးပေါ်မှာ ဘယ်ကောင်တွေ မီးကို ပေ့ါပေ့ါဆဆ လုပ်နေပြန်ပါလိမ့်"

"ပြက်ချော်ချော် လုပ်နေရမယ့်အချိန် မဟုတ်ဘူးနော်၊ ဆြာရှို့တဲ့မီးက သမ္မတရုံးအထိ တက်လောင်နေပြီ ဒီမှာကြည့်"

ကျွန်ုပ်လက်တွင်းသို့ တပည့်ကျော် ထိုးပေးလိုက်သော ဆမ်ဆောင်းလက်ကိုင် တယ်လီဖုန်း ဖန်သားပြင်ရှိ အသင့်ဖွင့်လျက်သား ဖေ့စ်ဘွတ်စာမျက်နှာသစ်ကို မျက်မှန်မပါဘဲ မျက်မှောင်ကြုံ့လျက် ဖတ်မိသည်တွင်ကား ကျွန်ုပ်မှာ လိပ်ပြာလွင့်လုမတတ် တုန်လှုပ်ခြောက်ခြားသွားရချေ၏ ။

"လတ်တလော ဖြစ်ပွားနေသည့် လက်ပံတောင်းတောင် ပဋိပက္ခနှင့်စပ်လျဉ်း၍ အွန်လိုင်းလူမှုကွန်ရက် စာမျက်နှာဖေ့စ်ဘွတ်တွင် နိုင်ငံတော်သမ္မတရုံး ထုတ်ပြန်ချက်ဟူ၍ ကြေညာချက်အတုတစ်စောင်

ပုံ့နှံ့လျက်ရှိရာ"

"အဆိုပါ ကြေညာချက်တွင် ဂမ်ပေါင်ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဝိုင်းဝန်းကူညီ ဖြေရှင်းပေခဲ့ကြသည့် နယ်လုံဝန်ကြီး ဦးကြည်နိုင်အပါအဝင် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ဝန်းရံပေးခဲ့ကြသည့် တပ်ရင်းတပ်ဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ဖော်ပြပါရှိရာ"

ခေတ်ဟောင်း ကာတွန်းဘိုးဘေ ဆရာကြီးဦးမောင်လွင်၏ ငတက်ပြား ဇာတ်ကောင် ရေရွတ်လေ့ရှိသည့် အလန့်တကြား အာမေဍိတ်ကိုပင် ကျွန်ုပ်နှုတ်ဖျားမှ ယောင်ယမ်းမြည်တမ်း မိချေသည်။

"ညတ်ချွာဖျား"

*

## (နှစ်)

စင်စစ်ပြီးခဲ့သော ရက်ပိုင်းက လက်ပံတောင်းတောင်ဒေသတွင် တရုတ်နိုင်ငံ ဂမ်ပေါင်ကုမ္ပဏီ၏ ဥပဒေမဲ့ ထင်ရာစိုင်းမှုကြောင့် မိုးကြိုးပြင်အလယ်ရွာမှ ဒေါ်ခင်ဝင်းအမည်ရှိ တောင်သူအမျိုးသမီးကြီး သေနတ်ထိမှန် သေဆုံးခဲ့ရလေရာ နိုင်ငံတော်သမ္မတရုံးမှ အဆောတလျင် ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်း မရှိသောကြောင့် အညာဇာတိချက်မြှုပ် ဖြစ်လေသော ကျွန်ုပ်သည် လွန်စွာစိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရသဖြင့် စိတ်ပေါက်ပေါက်နှင့် သမ္မတရုံးမှ ထုတ်ပြန်လာနိုင်မည့်စာ စတိုင်သရော်စာ စတေးတပ်တစ်ခုကို ကျွန်ုပ်၏ ဖေ့စ်ဘွတ်တွင် ရေးတင်ခဲ့မိ၏ ။

ကျွန်ုပ်သည် မဆလ ခေတ်တစ်လျှောက်လုံးနှင့် နဝတ၊ နအဖ၊

ဒီမိုကရေစီခေတ် ဆိုလေသည့် မျက်မှောက်ကာလတို့ကို ဖြတ်သန်းကျော်လွှန်လာခဲ့ရသူ ဖြစ်လေရာ အလားတူ ကိစ္စရပ်များတွင် အစိုးရအဖွဲ့အနေဖြင့် အဖြစ်မှန်အတိုင်း သမာသမတ်ကျကျက တစ်ကြိမ်တစ်ခါမျှ ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိဘဲ၊ ဆင်ဝှေ့ရန်ရှောင် ယောင်ဝါးဝါး ထုတ်ပြန်ချက်များဖြင့် ရင်းနှီးကျွမ်းဝင် နေခဲ့သူဖြစ်၏ ။ အနီကြေညာချက်မျိုးကို ကြေးမုံ မြန်မာအလင်းသတင်းစာ မျက်နှာမှတစ်ဆင့် ပွန်းတီးနေခဲ့ပြီဖြစ်ရာ ယင်းတို့၏ စာရေးနည်း စတိုင်းကို ကောင်းစွာ အတုခိုးနိုင်ခဲ့ပြီဖြစ်၍ ကျွန်ုပ်၏ သရော်စာမှာ အစစ်နှင့် တစ်ထပ်တည်း နီးပါး တူညီနေခဲ့ဟန် ရှိပေသည်။ ထို့အပြင် ကျွန်ုပ်၏ သရော်ချက်မှာ သမ္မတရုံး၏ ရေးသားပုံ၊ ရပ်တည်ကာကွယ်လိုပုံခြင်း တူလွန်းနေခဲ့သောကြောင့် တာဝန်ရှိသူများအနေဖြင့် အနာပေါ် တုတ်ကျသွားသလို ခံစားသွားကြရခြင်းသည်လည်း ဖြစ်နိုင်ခြေတစ်ရပ်ပေတည်း။ ကျွန်ုပ်အနေဖြင့်မူ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်စဉ်က ထုတ်ပြန်ခဲ့သည့် သမ္မတကြီး၏ ကြေညာချက်မိုးကို မျှော်လင့်တောင့်တမိသောကြောင့်လည်း အရဲစွန့်၍ သရော်မိခြင်း ဖြစ်ပါ၏ ။ မည်သို့ဆိုစေ၊ ကျွန်ုပ်၏ သတင်းမှာ ဖူးခက်ကျွန်းတခွင် တောမီးပမာ ပျံ့နှံ့သွားခဲ့သည်ကာ သေချာလှသော အချက်ဖြစ်လေသည်။ ကပ္ပလီနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဖေကြည်နှင့် လေမင်းသားတို့သည်လည်း ဘယ်ကရလာမှန်းမသိသော အလဲဗင်းသတင်းစာနှင့် သံတော်ဆင့်ဂျာနယ်တို့ကို ကိုင်ဆောင်ကာ ပေါက်ချလာကြပြန်သည်။ ယင်းတို့၏ နောက်မှ ကျွန်ုပ်အပေါ် သံယောဇဉ်မကင်းကြလေသော ဖူးခက်မြို့ရောက် ရွှေ့ပြောင်းအလုပ်သမားတချို့လည်း၊ နောက်တော်မှ ပါလာကြလေသေး၏ ။ ကျွန်ုပ်၏ နေအိမ်ဧည့်ခန်းတွင် စိုးရိမ်တကြီး ရေရွတ်ငြီးတွား ပြစ်တင်သံတို့ ပွက်လောရိုက်လျက်ရှိလေပြီ.။

"သတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ပွဲဆူကုန်ပြီဆြာ"

"ဆြာဒင်တော့ ပြဿနာတက်တော့မယ် ထင်တယ်နော်"

"ဆြာဟာလေ၊ ဒီလောက်အသက်ကြီးနေပြီဥစ္စာ၊ ငြိမ်ငြိမ်ကို မနေနိုင်ဘူး
''

"ဆြာရယ် နောင်များ သရော်စာရေးရင် အစစ်နဲ့တူအောင် မရေးပါနဲ့ဆြာ၊ တပည့်တို့ ရင်ပူလွန်းလို့ပါ၊ ရှိကြီးခိုပါရဲ့"

"သမ္မတကြီးကိုယ်တိုင် စိတ်မကောင်းဖြစ်နေရှာတာ ခုတော့ ရာဇဝတ်အိုး တုတ်နဲ့ထိုးသလို ဖြစ်ပြီပေါ့"

"အင်းလေ၊ ဟုတ်ပ့ါ၊ ဟုတ်ပ့ါ၊ သမ္မတရုံး ညွှန်ကြားရေးမှူးခများ၊ ဆြာဒင့်စာကြောင့် ဗျာများရရှာပြီ"

"ဆြာဒင့်ကို ဗိုလ်ကတော်တွေက ဖမ်းဟဲ့ဆီးဟဲ့ ဆိုပြီး ညာသံပေးကုန်ကြပြီဗျို့"

အမှန်ကို ဝန်ခံရလျှင် ကျွန်ုပ်သည်လည်း ပုထုဇဉ်ပီပီ ထိတ်လန့်မိသည်မှာ အမှန်ဖြစ်ချေ၏။ ကြောက်ရသည့်ကြားထဲ သင်းတို့၏ ပြစ်တင်ညည်းတွားသံတို့က တစ်မျောင့်။ ဖူးခက်အနီး ပင်လယ်အတွင်းမှ လူသူအရောက်အပေါက်နည်းပါးရာ ကျွန်းတစ်ခုခုတွင် ပြေးရှောင်ပုန်းရှောင်ရမည်လော။ အနောက်နိုင်ငံကြီးတစ်ခုခု၏ သံရုံးတွင်းသို့ ဇွတ်ဝင်ရောက်ကာ ဒုက္ခသည်အဖြစ် လက်ခံပါရန် အသနားခံရမည်လော၊ သို့လော သို့လော မဝေခွဲနိုင်သည့် အဆုံးတွင် လာမယ့်ဘေး ပြေးတွေ့ရန်သာ ဆုံးဖြတ်လိုက်ရချေတော့၏ ။

*

## (သုံး)

"နေကြပါဦး မောင်တို့ရယ်၊ ကျုပ်ရေးတဲ့ သရော်စာကို၊ သမ္မတရုံးရဲ့

ကြေညာချက်အတုလို့ စွပ်စွဲရအောင် ရုံးတံဆိပ်ဆိုတာ ဝေလာဝေး၊ စာနံပါတ်တောင် မပါပါဘူးလေ"

"သြော်... ဒါဖြင့် ဆြာ့စာကို အစစ်လို ဖြစ်နေတာကျတော့ ဘယ်လိုရှင်းမတုန်း"

"သရောပါတယ်ဆိုကာမှ အစစ်နဲ့ ဆင်တူယိုးမှားဖြစ်အောင် လုပ်ရေးနိုင်မှ ရသမြောက်မှာ မဟုတ်ပေဘူးလား၊ အဲဒီ ဟာစာဟာ အမာစာ သရော်စာ (Irony) လို့ ခေါ်သကွဲ့၊ ကဲပါလေ ကျုပ်မောင်တို့ကို တစ်ချက်ချင်း မေးပါရစေ၊ ကျုပ် ရေးတင်ခဲ့တဲ့အထဲမှာ ဒီမိုကရေစီ နည်းလမ်းအရ ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသော အစိုးရဖြစ်သည်နှင့်အညီ ဆိုတာ ဖတ်မိသလား။ ဒီအစိုးရ ဘယ်ပုံစံနဲ့ တက်လာတယ်ဆိုတာ မောင်တို့လည်း သိပြီးသားပါ။ နောက်တစ်ချက်က မြန်မာပြည်သူတစ်ရပ်လုံး ချမ်းသာကြွယ်ဝဖူလုံမည့် အလားအလာကောင်းများကို မြင်တွေ့နေပြီ ဖြစ်ပါသည်ဆိုတာ တစ်တိုင်းတစ်ပြည်လုံးမှာ ရှိရှိသမျှ မြေတွေ ယာတွေ သိမ်းနေတာကို ပြောင်သရော်ထားတာပဲ"

"အင်း..."

ပရိသတ်မင်းများက အင်းသံရှည်ကြီးဖြင့်၊ ယောင်နနလုပ်ကြလေသဖြင့် ကျွန်ုပ်ဆက်၍ ရှင်းရပြန်သည်။

"သေချာလည်း ဖတ်ကြပါကွာ၊ တောင်သူဟု ဆိုသူများ၊ တောင်သူဟု ဆိုသူ ဒေါ်ခင်ဝင်း စိတ်အနှောင့်အယှက် ဖြစ်ရတာ တရုတ်နိုင်ငံ သမ္မတကြီးဆိုတဲ့ အသုံးအနှုန်းတွေဟာ သရော်ထားမှန်း အသိသာကြီးပါ။ သေဆုံးသူကို တရားစွဲမယ်၊ ဝိုင်းဝန်းကြသူတွေကို ဂုဏ်ပြုချီးကျူးပါတယ်ဆိုပြီး အရွဲ့တိုက် ရေးထားတဲ့ စာသားတွေဟာ အစစ်ပါလို့ ဘယ်အရူးတွေက ယုံကြသတုန်း"

"ဆြာ ရှင်းပြတော့လည်း ဟုတ်သလိုလိုပဲ။ ဒါပေမယ့် အသိဉာဏ်နဲ့နဲ့

သူများမှာတော့ ယုန်ထင်ကြောင်ထင် ဖြစ်ကုန်တာအမှန်ပဲဗျ"

"တချို့လူတွေက မရိုးမသားနဲ့ ဆြာ့စာကို စကင်ဖရှော့ဖတ်ပြီး လျှောက်ဖြန့်ကြတော့ ဇဝေဇဝါ ဖြစ်ကုန်ကြတာ ဆြာ့မှာ တာဝန် မကင်းဘူးလေ"

"ဆြာ့စာကြောင့် အစိုးရတာ ဝန်သူတွေကို ဆဲသံဆူသံတွေ ညံကုန်တာဟာ အစိုးရကို အကြည်ညိုပျက်စေတယ်လို့ ထင်တာပဲ ဆြာ"

တုံ့ပြန်သံများအရ အများစုသည် ကျေနပ်ဟန်မရှိကြချေ။ အမှန်တွင်မူ အဆိုပါ စတေးတပ်တင်ပြီး မကြာမီမှာပင် မခံစားနိုင်လွန်း၍ ရေးမိသောသရော်စာ ဖြစ်ပါကြောင်း ကျွန်ုပ်ကိုယ်တိုင် ကွန်မင့်တစ်ခု ရေးသားရှင်းလင်းခဲ့ပြီး ဖြစ်၏ ။ ကွဲတို့၏ အပေါ်တွင်၊ ကျွန်ုပ်ဆက်၍ စောင်းမတီးသင့်တော့ချေ။

"ဆက်မယုံရင် စောင့်ကြည့်ကြပါကွာ၊ ဒီစာသဘောသွားအတိုင်း၊ သမ္မတရုံးကနေ တရားဝင်စာထွက်လာမှာ မြင်ယောင်သေးတော့" ဟူသော စကားကို ကျွန်ုပ်ရင်တွင်း၌ သာ မြိုသိပ်လိုက်ရတော့သည်။

သို့နှင့် နောက်ဆုံးတွင် ၎င်းတို့အားလုံး ကျေနပ်စေစိမ့်သောငှာ၊ ရုတ်ခြည်းပင် စတေးတပ်အသစ်တစ်ခုကို ကျွန်ုပ်၏ ဖေ့စ်ဘွတ် စာမျက်နှာတွင် ရေးတင်လျက် ဖတ်ရှုစေသည့်အခါ အသီးသီး ကျေနပ်အားရကြလျက် ကျွန်ုပ၏ နေအိမ်မှာ ပျော်ရွှင်မြူးတူးစွာ ပြန်လည်ထွက်ခွာသွားကြကုန်၏ ။ ဤတွင်မူ ကျွန်ုပ်သည်လည်း နာမည်ကြီးအဆိုတော် ခိုင်ထူး၏ "တချို့တွေ နေနိုင်လွန်းတယ်" ဟူသော စာသားပါ သီချင်းတစ်ပုဒ်ကို ညည်းဆိုရင် သက်ပြင်း ဒုန်းဒုန်း ချနိုင်လေတော့သည်။

*

## (လေး)

ကျွန်ုပ်၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးတင်ခဲ့ပြီးတို့ကို ကျေနပ်သွားစေခဲ့သော စတေးတပ်အသစ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါ၏ ။

သမ္မတကြီးခင်ဗျာ...

၁။ ကျွန်တော်သည် အသက်ကြီးသော်လည်း အချိန်မစီးသူ ဖြစ်သည့်အားလျော်စွာ လက်ပံတောင်းတောင်အရေး ပူပူနွေးနွေးအချိန်တွင် သမ္မတကြီး၏ ရုံးမှ ထုတ်ပြန်လာမည့်စာပုံစံတစ်ခုကို ဉာဏ်ရည်နိမ့်သူပီပီ ဂါရဝတရား ကင်းလွတ်လျက် သရော်တော်တော်၊ ပြောင်ချော်ချော် ကြိုတင်ရေးသားခဲ့မိရာ အစိုးရအဖွဲ့အနေဖြင့် စိတ်အနှောင့်အယှက် ဖြစ်ရပြီး ပြည်သူလူထုအနေဖြင့် ယုံထင်ကြောင်ထင်ဖြစ်အောင် ဖန်တီးမိသကဲ့သို့ ရှိခဲ့ပါသည်။

၂။ ယခုအခါ တရုတ်နိုင်ငံသမ္မတကြီးကိုယ်တိုင် ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားလာခြင်း၊ တာဝန်ရှိဝမ်ပေါင် ကုမ္ပဏီအနေဖြင့် သေဆုံးသူတောင်သူမကြီး ဒေါ်ခင်ဝင်း၏ ကျန်ရစ်သူမိသားစုသို့ ကျပ်သိန်းနှစ်ရာ နစ်နာကြေးပေးရန် ကမ်းလှမ်းလာခြင်းများ တွေ့မြင်ကြားသိလာပြီဖြစ်ရာ ဤသည်မှာ သမ္မတကြီးနှင့် အစိုးရအဖွဲ့၏ လိမ္မာပါးနပ်မှု စွမ်းဆောင်ရည်မြင့်မားမှုတို့ကြောင့်ဟု ရိုသားစွာ ထင်မြင်ယူဆမိပါသည်။

၃။ ထိုသို့ဆိုလျှင် လက်ပံတောင်းတောင်အရေးနှင့် ပတ်သက်၍ ဒေါ်ခင်ဝင်း၏ ကျန်ရစ်သူမိသားစုအတွက် ဝမ်ပေါင်ကုမ္ပဏီထက် သာလွန်သော ကုစားဖေးမမှုနှင့် လက်ပံတောင်းတောင်ဒေသ တောင်သူတို့၏ ဘဝပြေလည် အေးချမ်းစေရေးတို့အပြင်၊ မြန်မာနိုင်ငံ၏ အချုပ်အချာအာဏာပိုင်ဆိုင်မှု မြန်မာတစ်မျိုးသားလုံး၏ အမျိုးဂုဏ် ဇာတိဂုဏ်တို့ကို ပြန်လည်ဆယ်တင်နိုင်ရန် သမ္မတကြီး၏ အစိုးရအဖွဲ့အနေဖြင့် စွမ်းစွမ်းတမံ ထိရောက်စွာ ဆောင်ရွက်ပေးတော့မည်ဟု ရဲဝံ့စွာယုံကြည်နိုင်ပြီဟု ယူဆမိပါသည်။

၄။ သို့ပါ၍ မြန်မာပြည်သူလူထုမှ ကြည်ညိုလေးစားမှု

အပြည့်အဝရှိနေသော သမ္မတကြီးဖြစ်သည့်အလျောက် တိမ်မယောင်နက်လှသော မင်းရေးစိုးခွင်ကို နားမလည်ခဲ့သည့် ဇနပုဒ်ဖွား ငမိုက်သား ကျွန်တော့်အား သနားသဖြင့် နားလည် ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

နှစ်သစ်တွင် အစ်ကိုတော်သမ္မတကြီး ချမ်းသာကိုယ်စိတ် မြဲပါစေသတည်း။ ။

**ရိုသေလေးစားစွာဖြင့်**

**မင်းဒင်**

**ဖူးခက်ကျွန်း**

**ထိုင်းနိုင်ငံတောင်ပိုင်း**

**၂၀၁၄၊ ဒီဇင်ဘာလ ၂၆ ရက်**

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်**

**ဆဲဗင်းဒေးနေ့စဉ်သတင်းစာ**

*